# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့ အစီအစဉ်

## [ ၁၀–၆–၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏(၁/၂၀၁၄) အစီရင်ခံစာပါ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုမှ ရရှိသော ညှိနှိုင်းသဘောတူညီချက်အစီရင်ခံစာ တင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့ရှိ သမိုင်းဝင် မာန်ငါးပါးဘုရားသို့သွားသည့် ကတ္တရာလမ်းအား ကတ္တရာ ထပ်ပိုးလွှာခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်ရှိ နောင်နင်းရေလှောင်ဆည်နှင့် ရေထိန်းတံခါး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ **ခေတ်အဆက်ဆက်က ဂရန်ချထားပေးခြင်းမရှိသော မြေကွက်များကို စည်ပင်သာယာက ဂရန်ချပေးပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုခြင်းနှင့် ပန်းခြံများကိုဖျက်သိမ်းပြီး ပုဂ္ဂလိက အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်းတို့မှာ ဥပဒေနှင့် ညီ၊ မညီ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်ရှိ နတ်ရေတွင်းချောင်း ပြန်လည်တူးဖော်ရာတွင် စစ်တောင်းမြစ် သို့ ရောက်သည်အထိ တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **နိုင်ငံတော်အစိုးရအနေဖြင့် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံသည့် ပုံစံအတိုင်း စက်မှုဇုန်ထုတ် ဂျစ်ကားနှင့် လိုက်ထရပ်ကားများကိုလည်း အပ်နှံခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်(ကိုယ်စား) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **မြန်မာပြည်တွင် လက်ရှိစပါး စိုက်ဧက၊ အထွက်နှုန်း၊ နိုင်ငံခြားတင်ပို့မှု၊ ပြည်တွင်း စားသုံးမှု ဆန်တန်ချိန်နှင့် လူတစ်ဦး တစ်နှစ်စားသုံးမှု ဆန်(တင်း)တို့အား သိရှိလိုသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **ပေါင်းတလည်မြို့အတွက် မီးသတ်ကား တစ်စီးချထားပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်(ကိုယ်စား) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံတော်တွင် ပြည်သူ့ရဲ အင်အားနည်းနေပြီး တာဝန်နှင့်ပြည်သူ့အင်အား မမျှမတဖြစ်နေသောကြောင့် ပြည်သူ့ရဲ အင်အားတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့လာသော **“ မြေသိမ်းချမ်းသာ ခွင့်နှင့် မြေသိမ်းချမ်းသာ စီမံခန့်ခွဲလည်ပတ်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့သော **“ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။